ကန့်သတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက-၆(က)/မ-၁၃၁၃/၂၀၁၃(၂၆၄၅-၁)

ရက်စွဲ၊ ၂၀၁၃ ခုနှစ်၊ မေ လ ၄ ရက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင် သို့ တင်ပြသည့်

အမှာစာ

အကြောင်းအရာ။ **High Win International Co., Ltd မှ Contract Processing စနစ်ဖြင့် ငါး/ ပုစွန် ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့် ပြုပါရန် တင်ပြခြင်း ကိစ္စ**

၁။ High Win International Co., Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂)၊ ဇန်းမော်အတွင်းဝန်လမ်း၊ မြေကွက်အမှတ် (၁၀၇) နှင့် (၁၁၀) တို့ရှိ မြေ (၂.၇၉၈)ဧကတွင် ရေခဲစက်နှင့် အအေးခန်းစက်ရုံ တည်ဆောက်၍ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် ကော်မရှင်မှ ခွင့်ပြုမိန့်အမှတ်၊ မနသ- ၅၂၃/၂၀၀၁ (၁၈-၁၁-၂၀၀၁)ကို ထုတ်ပေးခဲ့ပါသည်။

၂။ ယခုအခါ ကုမ္ပဏီမှ အဆိုပြုမြေနေရာတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအပြင် နေရာသီးခြား ခွဲခြား၍ Contract Processing စနစ်ဖြင့် ငါး/ ပုစွန် ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်းကို ထပ်မံတိုးချဲ့၍ ဆောင်ရွက်ခွင့် ပြုပါရန် အဆိုပြုချက် တင်ပြလာပါသည်။

၃။ **စိစစ်တင်ပြချက်**

(က) High Win International Co., Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ စက်မှုဇုန်(၂)၊ ဇန်းမော်အတွင်းဝန်လမ်း၊ မြေကွက်အမှတ် (၁၀၇) နှင့် (၁၁၀) တို့ရှိ မြေ (၂.၇၉၈)ဧကတွင် ရေခဲစက်နှင့် အအေးခန်းစက်ရုံ တည်ဆောက်၍ ငါး၊ ပုစွန်ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် ကော်မရှင်မှ ခွင့်ပြုမိန့်အမှတ်၊ မနသ- ၅၂၃/၂၀၀၁ (၁၈-၁၁-၂၀၀၁)ကို ရရှိခဲ့ပြီး ယခုအခါ အဆိုပါ မြေနေရာတွင် Contract Processing စနစ်ဖြင့် ငါး/ ပုစွန် ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်းကို ထပ်မံတိုးချဲ့ခွင့်ပြုပါရန် အဆိုပြုချက်အသစ်အနေဖြင့် တင်ပြလာခြင်း ဖြစ်ပါသည်။

(ခ) လုပ်ငန်း၏ စီးပွားဖြစ် စတင်သောနေ့မှာ (၁၆-၂-၂၀၀၄) ဖြစ်ပါသည်။ အဆိုပြုမြေနေရာ တစ်ခုတည်းတွင် လုပ်ငန်းတိုးချဲ့မည်ဖြစ်၍ လုပ်ငန်း အသစ်ကဲ့သို့ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၂ အရ ဝင်ငွေခွန် ကင်းလွတ်ခွင့် နှင့်

ပုဒ်မ ၁၃ အရ အခွန်အကောက်ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့်များ ခံစားရန် အကျုံးမဝင်ကြောင်း စိစစ်ရပါသည်။

(ဂ) ယင်းကဲ့သို့ လုပ်ငန်းတိုးချဲ့ခြင်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြသည့် ကော်မရှင် ခွင့်ပြုမိန့် ရရှိပြီးလုပ်ငန်းများဖြစ်သော Anawa Dewi Fishing and General Trading Cooperative Ltd နှင့် Shwe Yamone Manufacturing Co., Ltd တို့အား ကော်မရှင် ၏ (၁၈/၂၀၁၂) (၂၇-၆-၂၀၁၂) အစည်းအဝေး သို့ လည်း ကောင်း၊ General Food Technology Industry Co., Ltd အား ကော်မရှင်၏ (၂၀/၂၀၁၂) (၁၁-၇-၂၀၁၂) အစည်းအဝေး သို့ လည်းကောင်း ရေခဲစက် နှင့် အအေးခန်း စက်ရုံတည်ဆောက်၍ ငါး၊ ပုစွန် ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်း အပြင် Contract Processing စနစ်ဖြင့် ငါး/ ပုစွန် ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်း တိုးချဲ့ထုတ်လုပ်ခွင့်ကို တင်ပြခဲ့ရာ ခွင့်ပြုကြောင်း ဆုံးဖြတ်ခဲ့ပါသည်။

(ဃ) ယခုတင်ပြသည့် High Win International Co., Ltd မှ အဆိုပြုမြေနေရာတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအပြင် Contract Processing စနစ်ဖြင့် ငါး၊ ပုစွန်ပြုပြင်အေးခဲ ထုတ်လုပ်ခြင်း လုပ်ငန်းကို ထပ်မံတိုးချဲ့လုပ်ကိုင်ခွင့်အား ကော်မရှင်မှ သဘောတူပါက သတ်မှတ်သည့် ဝန်ဆောင်ခပေးသွင်း၍ ကော်မရှင် ခွင့်ပြုမိန့်တွင် လုပ်ငန်းထပ်မံတိုးချဲ့ခြင်းကို ပြင်ဆင်ပေးရမည်ဖြစ်ပါသည်။

(င) ကုမ္ပဏီမှ တင်ပြသည့် လုပ်ငန်းနှင့် စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ CMP လုပ်ငန်းများ ကြီးကြပ်ရေးကော်မတီနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဌာနတို့သို့ သဘောထားတောင်းခံခဲ့ရာ ကန့်ကွက်ရန် မရှိပါကြောင်း နှင့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန၏ သဘောထားမှတ်ချက်နှင့် အညီ Environmental Management Plan ကို ရေးဆွဲ၍ ဆောင်ရွက်မည်ဖြစ် ကြောင်း တင်ပြထားပါသည်။

(စ) Contract Processing လုပ်ငန်း လုပ်ကိုင်ရန် ဂျပန်နိုင်ငံ Matsuoka Co., Ltd နှင့် ချုပ်ဆိုထားသော Memorandum of Agreement တင်ပြထားပါသည်။

(ဆ) Contract Processing စနစ်အရ ဂျပန်နိုင်ငံမှ Vanamei (White Prawn) ကုန်ကြမ်းများကို တင်သွင်းပြီး သန့်စင် အေးခဲထုတ်ပိုးပြီး PPV, Butterfly, Nobishi စသည်ဖြင့် အမျိုးအစား ခွဲခြားပြီး ပြည်ပ သို့ ပြန်လည် တင်ပို့မည်ဖြစ် ကြောင်း တင်ပြထားပါသည်။

(ည) ကုမ္ပဏီမှ နိုင်ငံတော်သို့ ၂၀၁၀-၂၀၁၁ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန် ကျပ်(၁.၅၆)သန်း၊ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်တွင် ဝင်ငွေခွန် ကျပ်(၄.၆၅)သန်း ပေးဆောင်ပြီးကြောင်း၊ ကုန်သွယ်လုပ်ငန်းခွန်အား Export ပြုလုပ်စဉ် MICB ဘဏ်မှအပြီး ဖြတ်ပါကြောင်း နှင့် ပြည်တွင်းအခွန်များ ဦးစီးဌာနမှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အထိ အခွန် အပြီးသတ် စည်းကြပ်ပြီးကြောင်း အထောက်အထား တင်ပြထားပါသည်။ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ် အတွက် ကြိုတင်ခွန် ကျပ် (၅၀၀,၀၀၀)သိန်း ပေးဆောင် ထားပြီးဖြစ်ကြောင်း တင်ပြထားပါသည်။

(ဋ) Contract Processing လုပ်ကိုင်ခြင်းဖြင့် ပုံမှန်(၅)နှစ်ပြောက်တွင် နိုင်ငံတော်၏ အကျိုးအမြတ်အဖြစ် ဝင်ငွေခွန် ကျပ်(၂၈.၈၆)သန်း ရရှိမည်ဖြစ်ကြောင်း စိစစ်တွေ့ ရှိရပါသည်။

(ဌ) Contract Processing စနစ်ဖြင့် လုပ်ငန်းတိုးချဲ့ လုပ်ကိုင်ခြင်းကြောင့် မူလ ခန့်ထားပြီးအလုပ်သမား (၁၂၀)ဦးမှ နောက်ထပ် အလုပ်သမား (၅၄)ဦး ထပ်မံ၍ အလုပ်အကိုင် အခွင့်အလမ်း ရရှိမည်ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

(ဍ) Contract Processing လုပ်ကိုင်ရန် ကော်မရှင်မှ လုပ်ငန်း အဟောင်း (၃)ခုအား ကော်မရှင်ခွင့်ပြုမိန့်တွင် ဖြည့်စွက် ပြင်ဆင်ပေးခဲ့ပြီး လုပ်ငန်း အသစ်(၃)ခုအား ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေးခဲ့ပြီး ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ High Win International Co., Ltd မှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာ မြို့နယ်၊ စက်မှုဇုန်(၂)၊ ဗန်းမော်အတွင်းဝန်လမ်း၊ မြေကွက်အမှတ် (၁၀၇) နှင့် (၁၁၀) တို့ရှိ မြေ (၂.၇၉၈)ဧကတွင် လက်ရှိဆောင်ရွက်လျက်ရှိသည့် ရေခဲစက်နှင့် အအေးခန်းစက်ရုံ တည်ဆောက်၍ ငါး၊ ပုစွန် ပြုပြင်ထုတ်လုပ်ခြင်း လုပ်ငန်းအပြင် Contract Processing စနစ်ဖြင့် ငါး၊ ပုစွန်ပြုပြင် အေးခဲထုတ်လုပ်ခြင်း လုပ်ငန်းကို ထပ်မံတိုးချဲ့၍ ဆောင်ရွက်ခွင့် ပြုပါရန် နှင့် တိုးချဲ့ဆောင်ရွက်ခွင့် ပြုပါက ရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၀.၃၆)သန်း အပါအဝင် ကျပ် (၅၃၈.၅၇)သန်း သို့ တိုးမြှင့်ခွင့်ပြုပါရန် လမ်းညွှန်မှုခံယူအပ်ပါသည်။

အတွင်းရေးမှူး(ကိုယ်စား)
(အောင်နိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်)

မိတ္တူ - ရုံးလက်ခံ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ရန်ကုန်တိုင်းဒေသကြီး

စာအမှတ်၊ ၂ / ၃ - ၆ (၅) / စီးပွား
ရက်စွဲ ၊ ၂၀၁၃ ခုနှစ် ၊ ဧပြီလ ၄ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

နေပြည်တော်

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇-၂-၂၀၁၃ ရက်စွဲပါစာအမှတ်၊ ရက-၆(က)/ မ - ၁၃၁၃ / ၂၀၁၃ (၂၇၀၇ - ည)

၁။ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ရွှေပြည်သာမြို့နယ်၊ ဇန်းမော်အတွင်းဝန်လမ်း၊ စက်မှုဇုန် (၂)၊ မြေကွက်အမှတ် (၁၀၇/၁၁၀) ရှိ မြေ (၂.၇၉၈) ဧကတွင် Contract Processing နှင့် Normal စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံတည်ဆောက်၍ ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်းလုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် High Win International Co., Ltd. က တင်ပြလာမှုအပေါ် သဘောထား မှတ်ချက်ပြန်ကြားပေးပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ညွှန်ကြားမေတ္တာ ရပ်ခံလာခြင်းနှင့် ပက်သက်၍ ကွင်းဆင်းစိစစ်မှုအရ အောက်ပါအတိုင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) ကုမ္ပဏီ၏ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ လုပ်ငန်းဆောင်ရွက်မည့် နေရာမှာ ရွှေပြည်သာစက်မှုဇုန် (၂) အတွင်း၌ဖြစ်ပြီး ကုမ္ပဏီပိုင်မြေ (၂.၇၉၈) ဧကတွင် လုပ်ငန်းဆောင်ရွက်မည်ဖြစ်သဖြင့် နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းအား ထိခိုက်ခြင်းမရှိပါ။

(ခ) ကုမ္ပဏီမှာ လက်ရှိတွင် ငါး/ပုစွန် အေးခဲထုတ်လုပ်ခြင်းလုပ်ငန်းအား ဝန်ထမ်းအင်အား (၁၂၀) ဦးခန့်အပ်ထားရှိ၍ ဆောင်ရွက်လျက်ရှိရာ အဆိုပြုလုပ်ငန်းဖြစ်သည့် (CMP/CPP) စနစ်ဖြင့် ငါး/ပုစွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်းလုပ်ငန်းအား တိုးချဲ့လုပ်ကိုင်နိုင်မည်ဆိုပါက ဝန်ထမ်းအင်အား (၁၇၄) ဦးထိ တိုးချဲ့

ခန့်ထားနိုင်မည်ဖြစ်သဖြင့် မြို့နယ်ဒေသအလုပ်အကိုင် အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူဖြစ်စေပါသည်။

(ဂ) ဖော်ပြပါမြေနေရာအား လုပ်ငန်းအတွက်အသုံးပြုခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်း ရှိပါသည်။

၂။ အထက်ဖော်ပြပါအချက်များကြောင့် ၂၈-၃-၂၀၁၃ ရက်နေ့တွင် ကျင်းပပြုလုပ်သော ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၃/၂၀၁၃)၏ ဆုံးဖြတ်ချက်အပိုဒ် (၇၀) အရ High Win International Co., Ltd. ၏ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းသစ် ဆောင်ရွက်မှုအား ခွင့်ပြုသင့်ပါကြောင်း တင်ပြအပ်ပါသည်။

(မြင့်ဆွေ)
ဝန်ကြီးချုပ်

မိတ္တူကို

ရန်ကုန်တိုင်းဒေသကြီးလျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီး
ရန်ကုန်မြောက်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး
ရွှေပြည်သာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး
High Win International Co., Ltd.
လက်ခံစာတွဲ
မျှောစာတွဲ

M.305
14.3.13
22
14/3

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ဝန်ကြီးရုံး

စာအမှတ်၊ ၁/၂၀၀(ည)/နပတ/ ၃၀၁၀/ ၅၆၂
ရက်စွဲ၊၂၀၁၃ခုနှစ်၊မတ်လ ၁၃ ရက်

အကြောင်းအရာ။ အအေးခန်းစက်ရုံတည်ထောင်၍ Contract Processing နှင့် Normal စနစ်(၂)မျိုးဖြင့် ငါး/ပုစွန်ပြုပြင် ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့် ပြုပါရန် တင်ပြခြင်း

ရည် ညွှန်း ချက် ။ (၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၇- ၂- ၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ရက- ၆(က)/ မ-၁၃၁၃/၂၀၁၃ (၂၇၀၇-၅)
(၂) ငါးလုပ်ငန်းဦးစီးဌာန၏ (၁၁- ၃- ၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ငလ/ နပတ-၅/၂၀၁၂ - ၂၀၁၃/၁၆၅၈

၁။ High Win International Co,Ltd သည်ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇန်းမော် အတွင်းဝန်လမ်း၊ စက်မှုဇုန်(၂)၊ မြေကွက်အမှတ် (၁၀၇/၁၁၀) ရှိ မြေ (၂.၇၉၈) ဧကတွင် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုမိန့်အမှတ်၊ မနသ-၅၂၃/၂၀၀၁ (၁၈-၁၁-၂၀၁၁)ဖြင့် နိုင်ငံတကာအဆင့်မီ ငါး/ပုစွန် အအေးခန်းစက်ရုံတည်ထောင်ဆောင်ရွက်၍ Normalစနစ်ဖြင့် ငါး/ပုစွန်ပြုပြင်အေးခဲခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ရရှိပြီးဖြစ်ပါသည်။ အဆိုပါကုမ္ပဏီ၏ ခွင့်ပြုမိန့်မူရင်းတွင် Contract Processing လက်ခစားအပ်ကုန်စနစ်ဖြင့် လုပ်ကိုင်ခွင့်အားဖြည့်စွက် လုပ်ကိုင်ခွင့်ပြုပါရန် High Win International Co,Ltd မှတင်ပြချက်အပေါ် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၏ သဘောထားပြန်ကြားပေးရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ ရည်ညွှန်းချက် (၁)ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ High Win International Co,Ltd ၏အဆိုပြုချက်ပါ လုပ်ငန်းနှင့်စပ်လျဉ်း၍ စိစစ်ချက်အား အောက်ပါအတိုင်းတင်ပြအပ်ပါသည်-

(က) ကုမ္ပဏီအဆိုပြုချက်တွင် ဖော်ပြထားသော Contract Processing စနစ်အတွက် ရေငန်ပုစွန်တစ်နှစ်ပျမ်းမျှကုန်ကြမ်း(၂၈၂)တန်မှကုန်ချော(၂၃၄) တန်ခန့်ထွက်ရှိမည်ဖြစ်၍ တစ်ရက်လျှင် ကုန်ချော(၀.၇၈) တန်ခန့်ထွက်ရှိမည်ဖြစ်ပြီး၊ ကုန်ချောထွက်ရှိမှု

နှုန်း Yield% မှာ ၇၅%-၈၅% ဖြစ်ပါသည်။ အဆိုပြုတင်ပြသည့် ကုန်ကြမ်းလိုအပ်ချက်နှင့် ကုန်ချောထုတ်လုပ်မှုအချိုးအစားညီညွတ်မှုရှိသည်ကိုတွေ့ရပါသည်။

(ခ) ကုမ္ပဏီမှဆောင်ရွက်မည့် Contract Processing စနစ်အတွက် ရေခဲ/ပုစွန်၏ လက်ခစျေးနှုန်းမှာ 1 Kg ပျမ်းမျှ အမေရိကန်ဒေါ်လာ (၀.၇) ဖြစ်ပါသည်။ High Win International Co,Ltd၏ အဆိုပြုချက်တွင်ဖော်ပြထားသော လက်ခစျေးနှုန်းထားမှာ ဆီလျော်မှုရှိကြောင်းစိစစ်တွေ့ရှိရပါသည်။

(ဂ) စက်ရုံတွင် တပ်ဆင်မည့် ကုန်ချောထုတ်လုပ်ရန် စက်များ၏ Capacity မှာ ငါး/ပုစွန် ပြုပြင်ထုတ်လုပ်ရန်အတွက် Contact Freezer (0.5 MT /2 hr) 2 Nos ၊ Air Blast Freezer (6 MT/8hr) 1 Nos ၊ Contact Freezer/ IQF Freezer (0,5 MT/2hr) 1 Nos၊ Cold Store (250 MT) 2 Nos ၊ Flake Ice (8 MT) 1Nos တပ်ဆင်ပြီးဖြစ်ကြောင်း၊ အဆိုပါစက်များ၏ Capacity အရ အနည်းဆုံး တစ်နေ့ငါး/ပုစွန်(၄)တန်ထုတ်လုပ်နိုင်ပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

(ဃ) အဆိုပါစက်များကိုကိုင်တွယ်မောင်းနှင်ရန်အတွက်အင်ဂျင်နီယာ(၂)ဦး အပါအဝင်၊ ကုန်ကြမ်း/ ကုန်ချောပစ္စည်းများ ကိုင်တွယ်ဆောင်ရွက်နိုင်ရန်အတွက်၊ ကာယညာဏ လုပ်သား Normal စနစ်အတွက် (၁၂၀) ဦး ခန့်ထားပြီး CMP စနစ်အတွက် (၅၄) ဦး ထပ်မံခန့်ထားမည်ဖြစ်သဖြင့် စုစုပေါင်း(၁၇၄)ဦးဖြင့် လုပ်ငန်းဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ကုန်ချောထုတ်လုပ်မှုနှင့်စက်အင်အားလူအင်အား အချိုးအစား ညီမျှမှုရှိကြောင်း တွေ့ရှိ ရပါသည်။

(င) အဆိုပြု လုပ်ငန်းနှင့်စပ်လျဉ်း၍ စီးပွားရေးတွက်ခြေကိုက်မှု ရှိပါကြောင်း အကျိုး/အမြတ်တွက်ချက်မှုဇယားနှင့်အတူ တင်ပြအပ်ပါသည်။

၃။ အထက်အပိုဒ်(၂)ပါ စိစစ်ချက်အပြင်လုပ်ငန်းနှင့် စပ်လျဉ်းသည့် ကျွမ်းကျင်မှုနည်းပညာများကို အောက်ပါအတိုင်းစိစစ်တင်ပြအပ်ပါသည်-

(က) အဆိုပြုတင်ပြသည့်စက်ရုံမြေနေရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေရန်ရေဆိုးများကို သန့်စင်သောစနစ်၊ အနံ့ဆိုးများကို သန့်စင်သော စနစ်၊ မီးဘေးကြိုတင်ကာကွယ်မှုအစီအစဉ်များဆောင်ရွက်ထားရှိမည့်အစီအမံများကို စိစစ်တွေ့ရှိရပါသည်။

(ခ) ယခုစက်ရုံမှာ မြေအကျယ် (၂.၇၉၈) ဧကရှိပြီး EU Standard နှင့် အညီ၊ စက်ရုံဆောက်လုပ်ရန်သင့်လျော်မှုရှိပါသည်။နိုင်ငံသားများအနေဖြင့် အလုပ်အကိုင်အခွင့်

အလမ်းများပိုမိုရရှိနိုင်ခြင်း၊ ကုန်ကြမ်းရှားပါးချိန်တွင် အအေးခန်းစက်ရုံများစွမ်းအား ပြည့်လည်ပတ်နိုင်ခြင်း၊ ပြုပြင်ထုတ်လုပ်သည့် နည်းပညာသစ်များ ရရှိနိုင်ပါကြောင်း စိစစ်တင်ပြအပ်ပါသည်။

၄။ သို့ဖြစ်ပါ၍ မြင့်မြတ်သော အောင်မြင်မှုအပြည်ပြည်ဆိုင်ရာကုမ္ပဏီလီမိတက်(High Win International Co,Ltd)မှအအေးခန်းစက်ရုံတွင် Contract Processingနှင့် Normal စနစ်ဖြင့် ငါး/ပုစွန်ပြုပြင်ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန် သင့်လျော်မှုရှိပါကြောင်း မွေးမြူရေးနှင့်ရေလုပ်ငန်း ဝန်ကြီးဌာန၏စိစစ်တွေ့ရှိချက်နှင့်အတူ သဘောထားမှတ်ချက်အား ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
ဝင်းမြင့်မောင်၊ဒုတိယညွှန်ကြားရေးမှူးချုပ်

<u>မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်</u>
မိတ္တူကို

(၁) ညွှန်ကြားရေးမှူးချုပ်၊ ငါးလုပ်ငန်းဦးစီးဌာန
(၂) အုပ်ချုပ်မှုဒါရိုက်တာ High Win International Co,Ltd
(၃) ရုံးလက်ခံ
(၄) မျှော

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

စာအမှတ် ၂/၂၂၀(ခ)(၆)/(၁၄၆၁ / ၂၀၁၃)
ရက်စွဲ ၂၀၁၃ ခုနှစ် ၊ မတ် လ ၁၁ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ ။ High Win International Company Limited မှ နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံ တည်ထောင်၍ ငါး/ပုဇွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့်ပတ်သက်၍ သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ

ရည် ညွှန်း ချက် ။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇-၂-၂၀၁၃ ရက်စွဲပါစာအမှတ်- ရက - ၆ (က) / မ - ၁၁၁၃ / ၂၀၁၃ (၂၇၁၇-၅)

၁။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ High Win International Company Limited သို့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဇန်းမော်အတွင်းဝန်လမ်း၊ စက်မှုဇုံ (၂)၊ မြေကွက်အမှတ် (၁၀၇/ ၁၁၀) ရှိ မြေ(၂.၇၉၈)ဧကတွင် Contract Processing နှင့် Normal စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံတည်ထောင်၍ ငါး/ပုဇွန် ပြုပြင်အေးခဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့် ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေး နှင့် သစ်တောရေးရာဝန်ကြီးဌာန၏ ဌာနဆိုင်ရာ သဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ စီမံကိန်း အဆိုပြုလွှာအားစိစစ်ရာတွင် ပူးတွဲဖော်ပြထားသော Project Profile ၌ အဓိက ထုတ်ကုန်များဖြစ်သည့် ငါးနှင့် ပုဇွန် (Fish and Prawn)ကိုပြည်ပဈေးကွက်သို့ (၁၀၀%) တင်ပို့သွားမည်ဖြစ်ကြောင်း၊ လုပ်ငန်းအတွက် နှစ်စဉ်လောင်စာဆီလိုအပ်မှု၊ နှစ်စဉ်ရေလိုအပ်မှု၊ နှစ်စဉ်ကုန်ကြမ်းလိုအပ်မှု၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုမရှိစေရန် ထိန်းသိမ်းဆောင်ရွက်ထားမှုအခြေအနေများ၊ မီးဘေးကြိုတင်ကာကွယ်မှုစီမံချက်၊ ဝန်ထမ်းသက်သာချောင်ချိရေး အစီအမံများ ဖော်ပြထားကြောင်း စိစစ်တွေ့ရှိရပါသည်။

၃။ အဆိုပါလုပ်ငန်းကြောင့် အောက်ဖော်ပြပါ ပတ်ဝန်းကျင်ထိခိုက်နိုင်မှုများ ဖြစ်ပေါ်နိုင်ပါသည်-

(က) ရေထွက်ပစ္စည်းသို့လှောင်ရန် အအေးခန်းနှင့် ရေခဲစက်မှထွက်ရှိလာမည့် စွန့်ပစ်ရေဆိုးများနှင့် ငါးအသေအကြေများကြောင့် အနံ့အသက်များထွက်ရှိလာပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှု၊

(ခ) စက်ရုံမှထွက်ရှိလာသည့် စွန့်ပစ်ပစ္စည်းများ၊ အမှိုက်သရိုက်များ၊ စွန့်ပစ်ရေဆိုးများကို စနစ်တကျ စီမံခန့်ခွဲမည့်အစီအစဉ်များ မပါရှိသဖြင့် စက်ရုံပတ်ဝန်းကျင် ညစ်ညမ်းမှု၊

၄။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ High Win International Company Limited သို့ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဗန်းမော်အတွင်းဝန်လမ်း၊ စက်မှုဇုံ (၂)၊ မြေကွက်အမှတ် (၁၀၇/ ၁၁၀) ရှိ မြေ(၂.၇၉၈)ဧကတွင် Contract Processing နှင့် Normal စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံတည်ထောင်၍ ငါး/ပုဇွန် ပြုပြင် အေးခဲထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့် ပတ်သက်၍ အောက်ဖော်ပြပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) အအေးခန်းများတွင် အသုံးပြုသည့် အိုဇုန်းလွှာကို ထိခိုက်ပျက်စီးစေသော CFC (Chloro-Fluorocarbon) , Carbon Tetrachloride နှင့် Halon ထုတ်လုပ်မှုနှင့် သုံးစွဲမှုကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၂၀၁၀ ပြည့်နှစ်မှ စတင် ရပ်ဆိုင်းထားပြီးဖြစ်သဖြင့် အစားထိုး ဒြပ်ပစ္စည်းအဖြစ် Hydro Fluorocarbon (HFC) - 13 4a (R-134 a) ကို အစားထိုးသုံးစွဲရန်၊

(ခ) အအေးခန်း၊ လေအေးပေးစက်များနှင့် ဆိုဖာရေမြှုပ်များတွင် အသုံးပြုသော Hydro Fluorocarbon (HCFC) - 22 (R - 22) ကို ဖွံ့ဖြိုးဆဲနိုင်ငံများတွင် သုံးစွဲခွင့်ပြုထားသော်လည်း ယခုအခါ HCFCs သုံးစွဲမှုကို ၂၀၁၃ ခုနှစ်မှ ၂၀၃၀ ခုနှစ်အတွင်း အဆင့်ဆင့်လျှော့ချရပ်ဆိုင်းပြီး အစားထိုးဒြပ်ပစ္စည်း သုံးစွဲမှုလုပ်ငန်းများကို အကောင်အထည်ဖော်ရန်။

(ဂ) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၃၁-၁-၂၀၁၃ ရက်စွဲပါအမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၃)အရ လုပ်ငန်းအမျိုးအစားအပေါ် မူတည်၍ ပတ်ဝန်းကျင် ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု အနည်းဆုံးဖြစ်စေရေးတို့အတွက် ပတ်ဝန်းကျင်ဆိုင်ရာ ကနဦးလေ့လာခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုနှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းတို့ကို ဆောင်ရွက်ပြီးမှသာ စိစစ်ခွင့်ပြုပါရန်။

(ဃ) အဆိုပါ ဆန်းစစ်မှုများကို အခြေခံ၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအမံများ (Environ- Mental Management Plan- EMP) များကို အသေးစိတ်ရေးဆွဲတင်ပြပြီး စီမံချက်ပါအတိုင်း လိုက်နာဆောင်ရွက်ရန်။

(င) နိုင်ငံတော်မှ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေနှင့် တည်ဆဲပတ်ဝန်းကျင်ဆိုင်ရာ ဥပဒေများကို လိုက်နာရန်။

ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)
(မျိုး ဝင်း ၊ ရုံး အ ဖွဲ့ မှူး)

မိတ္တူ - ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
- ညွှန်ကြားရေးမှူးချုပ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊၃၄-အလ/ခွဲ(၂)၂၀၁၃(၁၉၆၃)

ရက် စွဲ၊ ၂၀၁၃ ခုနှစ် မတ်လ ၇ ရက်

သို့

ဥက္ကဋ္ဌ

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ **High Win Internatinal Co., Ltd မှ CMP စနစ်ဖြင့် ငါး/ပုဇွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်း လုပ်ငန်းဆောင်ရွက်ခွင့်အပေါ် သဘောထားမှတ်ချက်ပေးပို့ခြင်း**

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ၏ ၂၇.၂.၂၀၁၃ ရက်စွဲပါစာအမှတ်၊ ရက-၆(က)/မ-၁၃၁၃/၂၀၁၃(၂၇၀၇-၃)

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊စက်မှုဇုန်(၂)၊ ဗန်းမော်အတွင်းဝန်လမ်း၊ မြေကွက်အမှတ်(၁၀၇/၁၁၀)ရှိ မြေဧက(၂.၇၉၈ဧက)တွင် Contract Processing နှင့် Normal စနစ်ဖြင့် နိုင်ငံတကာအဆင့်မီအအေးခန်းစက်ရုံ တည်ထောင်၍ ငါး/ပုဇွန်ပြုပြင် အေးခဲထုတ်လုပ်ခြင်း လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်မည့် High Win Internatinal Co., Ltd ၏ အအေးခန်းစက်ရုံသို့ CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ၊ အလုပ်ရုံ နှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဝင်းရှိန် ၊ အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ခင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မို့မို့သွင်၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကျွမ်းကျင်ပညာရှင် ဦးတင်လှ နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ လက်ထောက်ညွှန်ကြားရေးမှူး၊ ဒေါ်နွဲ့နွဲ့ဝင်းတို့သည် ၄.၃.၂၀၁၃ ရက်နေ့ (၁၄း၀၀)နာရီတွင် ရောက်ရှိ၍ တာဝန်ရှိသူများနှင့် စက်ရုံတွင်း လှည့်လည်ကြည့်ရှု တွေ့ဆုံမေးမြန်းခဲ့ပါသည်။

၂။ စက်ရုံအား ၂၆.၂.၂၀၀၄ ခုနှစ်မှစ၍ စတင်လည်ပတ်ခဲ့ပြီး၊ အလုပ်သမား ကျား(၄၀)ဦး၊ မ(၈၀)ဦး၊ ပေါင်း(၁၂၀)ဦးဖြင့် လုပ်ကိုင်လျက်ရှိပြီး မြန်မာနိုင်ငံမှ ရေချို၊ရေငန် ငါး/ပုဇွန်များ ကုန်ကြမ်း ရယူ၍ ဂျပန်၊ ဟောင်ကောင်၊ တရုတ်နိုင်ငံများသို့ ကုန်ချော တင်ပို့လျက်ရှိကြောင်း သိရှိရပါသည်။

၃။ High Win Internatinal Co., Ltd ၏ အဆိုပြုချက်အား အောက်ပါအတိုင်း စိစစ်တင်ပြအပ်ပါသည်-

(က) CMP ကုန်ကြမ်းလိုအပ်ချက် နှင့် ကုန်ချောထုတ်လုပ်မှု အချိုးအစားညီညွတ်မှု ရှိ/မရှိ

အဆိုပြုချက်ပါ ကုန်ကြမ်းရရှိနိုင်မှုနှင့်ပတ်သက်၍ Normal စနစ်အတွက် ရေငန်ပုစွန် တစ်နှစ်လျှင် ပျမ်းမျှကုန်ကြမ်း(၃၄၀)တန်မှ ကုန်ချော(၂၈၂.၂၀)တန်ခန့် ထွက်ရှိမည်

ဖြစ်ရာ တစ်ရက်လျှင် ကုန်ချော(၀.၉၄)တန်ခန့် ထွက်ရှိမည်ဖြစ်ပြီး CMP စနစ်အတွက် ရေငန်ပုစွန်တစ်နှစ်လျှင် ပျမ်းမျှကုန်ကြမ်း(၂၄၀)တန်မှ ကုန်ချော(၁၉၉.၂၀)တန်ခန့် ထွက်ရှိမည်ဖြစ်ပြီး တစ်ရက်လျှင် ကုန်ချော(၀.၆၆)တန်ခန့် ထွက်ရှိမည်ဖြစ်ကြောင်း တွေ့ရ၍ ကုန်ကြမ်းလိုအပ်ချက်နှင့်ကုန်ချောထွက်ရှိမှု အချိုးအစား ညီညွတ်မှုရှိပါသည်။

(ခ) **CMP လက်ခနှုန်းများ တင်ပြထားမှုသည် ဆီလျော်မှု ရှိ/မရှိ၊** အဆိုပြုချက်ပါ CMP ရေငန်ပုစွန်လက်ခဈေးနှုန်းမှာ 1 kg လျှင် US$ (0.70)ရရှိသဖြင့် လက်ခနှုန်းထားမှာ ဆီလျော်မှုရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) **နှစ်စဉ်ထုတ်လုပ်မှုနှင့်စက်အင်အား၊ လူအင်အား အမျိုးအစား ညီမျှမှု ရှိ/မရှိ၊** အဆိုပြုချက်ပါ ကုန်ချောထုတ်လုပ်ရန် စက်များအနက် ငါးပုဇွန်ပြုပြင်ထုတ်လုပ်ရန်အတွက် Contact Freezer (0.5 MT/2 hr) 2 Nos, Air Blast Freezer (6 MT/8 hr) 1 Nos, Contact Freezer/IQF Feerzer (0.5 MT/2 hr) 1 No, Cold Store (250 MT) 2 Nos, Flake Ice (8 MT) 1 No, တပ်ဆင်ပြီးဖြစ်၍ အနည်းဆုံး (၁)ရက်လျှင် တစ်နေ့ပုစွန်(၄)တန်ခန့်ထုတ်လုပ်နိုင်ပါသည်။ အဆိုပါစက်များအား မောင်းနှင်ရန် အင်ဂျင်နီယာ(၂)ဦး အပါအဝင် ကုန်ကြမ်း/ကုန်ချောပစ္စည်းများ ထုတ်ပိုးဆောင်ရွက်ရန် လုပ်သား(၁၅၀)ဦးအသုံးပြုမည်ဖြစ်၍ လူအင်အားစက်အင်အား အချိုးအစားညီညွတ်မှုရှိပါသည်။

၄။ သို့ဖြစ်ပါ၍ အဆိုပြုလွှာတွင် ပတ်ဝန်းကျင် ညစ်ညမ်းမှု မရှိစေရန် ရေဆိုးများကို သန့်စင်သောစနစ်၊ မီးဘေးကြိုတင်ကာကွယ်မှု အစီအစဉ်များ ဆောင်ရွက်ထားရှိမည့် အစီအမံများကို စိစစ်တွေ့ရှိရပါသည်။ ငါးလုပ်ငန်းဦးစီးဌာန၏ Food Safety & Quality Control ဆိုင်ရာ လုပ်ထုံး၊ လုပ်နည်းနှင့်အညီ တည်ဆောက်နိုင်ခြင်း၊ ထုတ်လုပ်မည့် ကုန်ချောပမာဏ နှင့် ကိုက်ညီအောင် ကုန်ကြမ်းရရှိနိုင်ခြင်း စသည့် အားသာချက်များကြောင့် High Win Internatinal Co., Ltd အနေဖြင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ခွင့်ပြုချက်ရရှိပါက ကုန်ထုတ်စွမ်းအားမြှင့်တင်နိုင်မည်ဖြစ်၍ Contract Processing နှင့် Normal စနစ်ဖြင့် နိုင်ငံတကာအဆင့်မီ အအေးခန်းစက်ရုံ တည်ထောင်၍ ငါး/ပုဇွန်ပြုပြင်အေးခဲထုတ်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်ကို အားပေးဆောင်ရွက်သင့်ကြောင်း သဘောထားမှတ်ချက် တင်ပြအပ်ပါသည်။

၅/၃/၁၃

ဥက္ကဋ္ဌ(ကိုယ်စား)
(မောင်မောင်ကျော်၊ ရုံးအဖွဲ့မှူး)
(အလုပ်သမား၊အလုပ်အကိုင်နှင့်လူမှုဖူလုံရေးဝန်ကြီးဌာန)

မိတ္တူကို

- အလုပ်သမားညွှန်ကြားရေးဦးစီးဌာန
(CMP လုပ်ငန်းများ စစ်ဆေးရေးဆပ်ကော်မတီ)

- အလုပ်ရုံနှင့်အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန
  (CMP လုပ်ငန်းများ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့)
- High Win Internatinal Co., Ltd
- ရုံးလက်ခံ
- မျှောစာတွဲ